အပစ်အခတ်ရပ်စဲရေးသည် ငြိမ်းချမ်းရေးအတွက် အကျိုးမဖြစ်

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၃၀ ရက်၊ ၂၀၀၃။

မွန်ပြည်သစ်ပါတီနှင့် နအဖစစ်အစိုးရတို့အကြား ငြိမ်းချမ်းရေးနှင့်အပစ်အခတ်ရပ်စဲရေး ရယူလာသည်မှာ (၈) နှစ်မြောက်ပြည့်သော နေ့ရက်ကြီးသို့ ဆိုက်ရောက်ခဲ့သော်လည်း နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု ဖြစ်မြောက်ရန်အတွက် ပြု လုပ်ခဲ့ခြင်း မရှိခဲ့သည်ဟု မွန်အမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်၏ အစီရင်ခံစာတွင် မနေ့က ထုတ်ပြန်ရေးသားထားပါသည်။

နအဖစစ်အစိုးရအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးရန် ပြုလုပ်ခဲ့ခြင်း မရှိသည့်အပြင် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်သုံးဦးကိုလည်း ထောင်ထဲတွင် ဆက်လက်ဖမ်းဆီးထားဆဲဖြစ်သည်။ ထို့အပြင် မေလတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီခေါင်းဆောင်များကိုလည်း စစ်အစိုးရမှ စေလွှတ်ထားသော အကြမ်း ဖက်အုပ်စုတစ်စုက ဒီမိုကရေစီအဖွဲ့ဝင်များကို နှောင့်ယှက်ပြီး လုပ်ရှားသူများကို သတ်ဖြတ်ခဲ့ကြသည်ဟု မွန်ဘာသာဖြင့် ထုတ်ဝေသည့် ထို့အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ရယူထားခဲ့သည်မှာ အချို့ (၈) နှစ်၊ အချို့ (၁၀) နှစ် ကျော်ခဲ့ပြီ ဖြစ်သော်လည်း တိုင်းရင်းသားတို့၏ အခွင့်အရေးကို ဆက်လက်ပြီး ပိတ်ပင်ထားဆဲဖြစ်သည်။ တချိန်တည်းမှာပင် တိုင်းရင်းသားအမျိုးသမီးများကိုလည်း အစိုးရစစ်တပ်နှင့် အရာရှိများက အဓမ္မပြုကျင့်ခြင်း၊ အဓမ္မ လုပ်အားပေးစေခိုင်းခြင်း၊ လယ်ယာခြံမြေများ သိမ်းဆည်းခြင်း တို့ကို ပြုလုပ်နေဆဲရှိသည်ဟု အစီရင်ခံစာတွင် ဆက်လက် ဖော်ပြထားပါသည်။

မွန်ပြည်သစ်ပါတီနှင့် တိုင်းရင်းသား အဖွဲ့အစည်းအားလုံး နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးရန် အထပ်ထပ်အခါခါ တောင်းဆိုခဲ့သော်လည်း စစ်အစိုးရက အချိန်ဆွဲပြီး လျစ်လျူရှုထားခဲ့သည်။

နအဖစစ်အစိုးရသည် နိုင်ငံတော်ကို မတရားသောနည်းဖြင့် အုပ်ချုပ်နေခဲ့ပြီး ပြည်သူများအပေါ် တာဝန်ကျေခဲ့ခြင်း မရှိသည်ဟုလည်း ထို့စာတွင် ဖော်ပြထားပါသည်။ ပြည်သူများအနေဖြင့် စားဝတ်နေရေး အကျပ်အတည်းကြောင့် အိမ်နီးချင်း နိုင်ငံသို့ ထွက်ပြေးနေကြလျှက်ရှိသည်ဟု ဖော်ပြထားပါသည်။

မွန်ပြည်သစ်ပါတီ (၈) နှစ်မြောက် အပစ်အခတ်ရပ်စဲရေး အခန်းအနားကို မနေ့ညနေပိုင်းက မော်မြိုင်မြို့ပေါ်တွင် ကျင်းပခဲ့သည်ဟု မွန်ပြည်သစ်ပါတီပြောရေးဆိုခွင့်ရှိသူ တဦးက ပြောဆိုပါသည်။

မွန်ပြည်နယ်တွင် ငြိမ်းချမ်းရေးအာရုဏ်ဦး သန်းနေပြီဟု နအဖစစ်အစိုးရက ပြောဆိုနေသော်လည်း သက္ကရာဇ် ၂၀၀၀ ခုနှစ် နှောင်းပိုင်းကာလတွင် ခလရ၊ ခမရ နှင့် အမြောက်တပ်ရင်းဆောက်လုပ်ရန်အတွက် လယ်ယာခြံမြေဧကပေါင်း (၈၀၀၀) ကျော် သိမ်းဆည်းထားသည့်အတွက်ကြောင့် ပြည်သူများနှင့် မွန်ပြည်သစ်ပါတီကို အကြီးအကျယ် စိတ်သောက ရောက်စေခဲ့ပါသည်။

''နအဖစစ်အစိုးရတို့ချထားတဲ့ တပ်ရင်းများဟာ နိုင်ငံခြားတပ်ဖွဲ့များကို တိုက်ခိုက်ချေမှုန်းဘို့ ပြောနေပေမဲ့ သူတို့ချထားတဲ့တပ်တွေက ကျနော်တို့ကို အကျပ်ကိုင်ဖို့ဖြစ်တယ်'' ဟု အမည်မဖော်လိုသည့် မွန်ပြည်သစ်ပါတီ ထိပ်တန်းအရာရှိ ခေါင်းဆောင်တစ်ဦးက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။